# လေးပါးရှောင် အသုံးပြုပုံနှင့် ပေါင်ရင်းသွေးကြောပိတ် ရောဂါကို လက်တွေ့ ကုသတွေ့ရှိမှု

သိန်းလှိုင်(လားရှိုး)

အစွမ်းထက်မြက်သော ဝိဇ္ဇာဓရဆေးပညာသည် (ဒေဝီစိကိစ္ဆာ) နတ်ဆေးပညာဟု ခေါ်ဆိုရလောက်အောင်ပင် အစွမ်းထက်မြက်ပါသည်။ ၎င်းဆေးပညာသည် ကာလ၊ ဒေသ၊ ဝယ ရွေးချယ်စရာမလိုပဲ သုံးစွဲနိုင်သော ဆေးပညာဖြစ်ပြီး သုံးတတ်ပါက လူသားတို့၏ ကောင်းကျိုးချမ်းသာကို အမှန်တကယ် ပေးစွမ်းနိုင်သကဲ့သို့ပင် မသုံးတတ်ပါက ဘေးဥပဒ်အန္တရာယ်ကို ဖြစ်စေနိုင်ပါသည်။ ထို့ကြောင့် လေးပါးရှောင်ဆေးဖော်စပ်ရာတွင် ပြဒါးကို အုတ်မှုန့်၊ နနွင်းမှုန့်တို့နှင့် သန့်စင်ပြီးလျှင် ပြဒါးတွင်ရှိသော အဆိပ်ဒေါသများ၊ လူကိုပူလောင်စေသော မီးဒေါသ၊ မလဒေါသများကို စင်ကြယ်စေရန်အတွက် ရှားစောင်းလက်ပပ်သတ္တုရည်၊ တြိဖလခေါ် ဆီးဖြူသီး၊ ဖန်ခါးသီး၊ သစ်ဆိမ့်သီး ရှစ်ဖို့ တစ်ဖို့ ကြွင်းပြုတ်ရည်တို့နှင့် သန့်စင် နည်း၊ သုဒ္ဓပြုနည်းများ၊ လေးပါးရှောင်ဖော်စပ်နည်းနှင့် လေးပါးရှောင်ကို အန္တရာယ်ကင်းစေရန် တိုင်းရင်းဆေးကုဌာနသုံးဆေးဖုံအမှတ်(၁၆) အပူငြိမ်းသွေးဆေး၊ အဘိဉာဏ်နှလုံးအားတိုး ဆေး၊ သစ်ကြံပိုးခေါက်တို့နှင့် ရောစပ်စီမံဖော်စပ်နည်း၊ အစွမ်းထက်မြက်သော ဝိဇ္ဇာဓရနယဆေး ပညာနှင့် ခန္ဓာကိုယ်တွင်းကိုယ်ပ ယုတ်ဖောက်ပြန်နေသော ဓါတ်ကြီးငါးပါးတို့ကို ဝေဖန်ပိုင်းခြား နိုင်သော ဒေသနာနယ ဆေးပညာတို့ကို ပေါင်းစပ် အသုံးပြုပြီးလျှင် ကုသ၍ မရတော့လောက်အောင် (အသာဓျလက္ခဏာ)ဆိုက်နေသော ပေါင်ရင်းသွေးကြောပိတ် ဝေဒနာရှင် တစ်ဦးအား လက်တွေ့ ကုသခဲ့ရာ သက်သာပျောက်ကင်းခဲ့မှုကို တင်ပြလိုက်ခြင်းဖြစ်ပါသည်။